## (၁) ငရုတ် မှဲ့ပြောက်စွန်းရောဂါ (သို့) ကိုင်းဖျားခြောက်ရောဂါ(သို့) သီးပုပ်ရောဂါ

**(Anthracnose/Dieback/Fruit rot)**

ရောဂါဖြစ်စေသောသက်ရှိ- *Colletotrichum capsici* (Syd.) E.J. Butler & Bisby

ရောဂါလက္ခဏာများ

ငရုတ်ပွင့်များ ညှိုးနွမ်းငိုက်ကျလာပြီး တဖြည်းဖြည်းခြောက်၍ ကြွေကျသည်။ ငရုတ်ကိုင်းများသည် ထိပ်ဖျားမှစ၍ ခြောက်လာပြီး ကိုင်းဆုံကိုင်းခွအထိ ခြောက်သွားသည်။ အသီးပေါ်တွင် ရေစိုနာကွက်ငယ်(သို့) နီညိုရောင် အနာကွက်များတွေ့ရ သည်။ အနာကွက်ပေါ်တွင် အမည်းစက်အဖုလေးများကို ဗဟိုတူစက်ဝိုင်း ရစ်များကဲ့သို့ တွေ့ရသည်။





### ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါရပင်ကြွင်း ပင်ကျန်များကို စုပုံ၍ မီးရှို့ပါ။
- လေဝင်လေထွက်ကောင်းမွန်အောင် စိုက်ပျိုးပါ။
- ရောဂါကျရောက်လေ့ရှိပါက ငရုတ်ပန်းမပွင့်မီတစ်ကြိမ်နှင့် သီးကင်း ဝင်စတွင် တစ်ကြိမ် မှိုသတ် ဆေးပက်ဖျန်းရန်လိုပါသည်။
- အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။
    - ➢ Chlorothalonil (ကလိုရိုသာလိုနေးလ်)

- Mancozeb (မန်ကိုဇက်)
- Azoxystrobin (အဇိုဆီစထရိုဘင်)
- Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)
- Difenoconazole (ဒီဖီနိုကိုနာဇိုး)
- Trifloxystrobin (ထရိုင်ဖလောက်ဆီစထရိုဘင်)